မွန်ကျေးရွာများအတွင်း ဖြန့်ကျက်ထားသည့်စစ်သားများမှ ရွာသားများ၏ တိရိစ္ဆာန် ပစ်သတ်စားနေ

လွတ်လပ်သော မွန်သတင်းအေဂျင်စီ

ဇူလိုင်လ ၈ ရက်၊ ၂၀၀၃ ခုနှစ်။

ပြည်သူ့စွမ်းအားရှင်အဖွဲ့၊ ပြည်ပရန်ကာကွယ်ရေးအဖွဲ့နှင့် သပိတ်လှန်အဖွဲ့များအတွက် ဒေသခံပြည်သူများကို အတင်း စစ်သင်တန်းပေးနေခဲ့သောနေရာ မြန်မာနိုင်ငံ မွန်ပြည်နယ် တောင်ပိုင်းဒေသတွင် နအဖစစ်အစိုးရမှ လက်နက်ကြီး၊ လက်နက်ငယ်၊ စစ်ကား အပြည့်အစုံနှင့် စစ်အင်အား ၁၀ တပ်ရင်းကို ကျေးရွာများတွင် ယခုတပ်အသစ် ထပ်ဖြန့်နေခဲ့ပါသည်။

တပ်ဖြန့်ရသည့်အကြောင်းကို မသိရသေးသော်လည်း ဖြန့်ထားသည့်စစ်သားများမှ ရွာသူရွာသားများ၏ တိရိစ္ဆာန်များကို ရိုက်သတ် ပစ်စားနေကြောင်း သိရပါသည်။

ပြီးခဲ့သည့် ဇူလိုင်လ (၁) ရက်နေ့မှစတင်ပြီး နအဖစစ်အစိုးရသည် တခြားပြည်နယ်နှင့်တိုင်းများမှ တပ်ရင်းများကို စုစည်းပြီး၊ မွန်ပြည်နယ်တောင်ပိုင်း သံဖြူဇရပ်မြို့နယ်မှစ၍ ရေးမြို့နယ်အရှတောင်ကျေးရွာအထိ တပ်အသစ် ဖြန့်နေခဲ့ပါသည်။

တရွာလျှင် စစ်သားအင်အား တစ်တပ်ခွဲမှ တစ်တပ်ရင်းအထိ ကျေးရွာအတွင်းတွင် တပ်ဖြန့်နေခဲ့ပါသည်။ ဖြန့်ထားသည့်စစ်သားများသည် ကျေးရွာအတွင်း ရွာသားများ ပိုင်ဆိုင်သော ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲများကို ရွာသားများထံ မတောင်းယူဘဲ မိမိတို့ကြိုက်နှစ်သက်သလို ရိုက်သတ် ပစ်စားနေကြောင်း ရွာသားများက ဆိုပါသည်။

ထို့အပြင် ပြီးခဲ့သော ဇူလိုင်လ ၄ ရက်နေ့ညတွင် သံဖြူဇရပ်မြို့နယ် ဝဲရက်ကျေးရွာ၌ တပ်ဖြန့်ရောက်ရှိလာသော ကော့ကရိတ်မြို့နယ်အခြေစိုက် တပ်ရင်း ခလရ ၃၅၅ မှ တပ်ကြပ်လှဝင်းသည် အသက် ၃၄ နှစ်ရှိ မိစန်းအေးအား မုဒိန်းကျင့်ရန် ကြိုးစားခဲ့သည်ဟု သိရပါသည်။

''ဒီလို စစ်သားတွေ ရွာကိုရောက်လာပြီး ကျနော်တို့ကို ဘာမှမတောင်းပဲနဲ့ ကြိုက်သလို ပစ်သတ်ရိုက်စားနေတာ ကြည့်လို့တောင် မကောင်းဘူး၊ သူတို့တပ်ရင်းမှူး သူတို့ဗိုလ်ကြီးတွေကို တိုင်ပြောတာကိုလည်း တပ်ရင်းမှူး၊ ဗိုလ်ကြီးတွေက သူတို့ရဲဘော်တွေကို ဘာမှမပြောဘူး၊ ဒီအတိုင်း လွှတ်ထားတာပဲ၊ ကျနော်တို့ စိတ်မကောင်းဘူး၊ ကျေလည်းမကျေနပ်ဘူး''ဟု ရွာသူရွာသားများက ပြောနေကြပါသည်။

သံဖြူဇရပ်မြို့နယ်နှင့် အလားတူ ရေးမြို့နယ်တောင်ပိုင်း ကျေးရွာများ၌လည်းကောင်း၊ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်ထားသော လမ်းများ၌လည်းကောင်း စစ်တပ်များ အတင်းအကြပ် ချထားခဲ့ပါသည်။

ရွာသူရွာသားများကိုလည်း ခရီးမသွားရ အမိန့်ထုတ်ခဲ့ပြီး၊ လယ်ယာကိုလည်း မနက် ၆ နာရီမှ ညနေ ၆ နာရီ အထိသာ သွားခွင့်ပြုခဲ့သည်။

ခရီးမသွားရ အမိန့်ကြောင့် ဒေသခံပြည်သူများသည် မိမိတို့၏ခရီးများအပေါ်ကို မှီခိုနေရ၍ဖြစ်သော်လည်း စွန့်ပစ်ထားခဲ့ရကြောင်း လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

စစ်ကိုင်းတိုင်းအတွင်း ဖြစ်ပွားသော အရေးအခင်းကြောင့် နိုင်ငံအတွင်း၌ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေကို ကာကွယ်ရန် အတွက် နအဖစစ်အာဏာပိုင်တို့က ကျေးရွာရယကအတွက် ခေတ်မှီလက်နက် တပ်ဆင်ပေးနေပါသည်။ တစ်ရွာလျှင် လက်နက် ၂၅ လက် တပ်ဆင်ပေးနေပြီး ပြည်သူ့စွမ်းအားရှင်ဖွဲ့ကာ စစ်သင်တန်းပေးခြင်း၊ ရွာသူရွာသားများကိုလည်း ပြည်ပရန်ကာကွယ်ရေးအတွက် အတင်း စစ်သင်တန်းပေးနေခဲ့ပြီး၊ စစ်တပ်ကိုလည်း တပ်အင်အား ဖြန့်ထားနေခဲ့ပါသည်။

နအဖစစ်အစိုးရသည် မွန်ဒေသတွင် စစ်အင်အား တိုးချဲ့နေသည့်အပြင် နိုင်ငံရေးလှုပ်ရှားသူများကို အနီးကပ်စောင့်ကြည့်နေပြီး၊ ပြည်သူများနှင့် ရဟန်းသံဃာတော်များ နိုင်ငံရေး မလှုပ်ဆောင်နိုင်အောင် နည်းအမျိုးမျိုးဖြင့် လုပ်ဆောင်နေပါသည်။

နိုင်ငံရေးနှင့် ကင်းကွာအောင်ဆိုပြီး ယခု မြို့နယ်မယကာ၏အမိန့်ဖြင့် မြို့နယ်သံဃနာယကတို့က ဘုန်းကြီးကျောင်းတိုင်း သွားရောက်ပြီး ကျောင်းထိုင်ဘုန်းကြီးများကို နိုင်ငံရေးမလုပ်ကြောင်း ကတိခံဝန်ချက်လက်မှတ် ထိုးခိုင်းနေပါသည်။